# Wednesday, 16 July 2008

## သန်းရွှေ-တေဇ က မီလီယံနာ- စစ်သားမယားကဖါ

July 16
Rangoon

နိုင်ငံခြားသားတွေအလာနည်းသွားတယ်ဆိုပဲ။ ရွှေတိဂုံဘုရား ဒီလမှာလာလည်တဲ့ ကမ္ဘာလှည့် ခရီးသွားက ၈ ယောက်ပဲရှိတယ်လို့ စီအန်အန်ကဆိုပါတယ်။ ဒီလိုဖြစ်ရတာကတော့ နာဂစ်မုန်တိုင်း အပြီးမှာ တိုင်းပြည်ရဲ စီးပွားရေးက ချွတ်ခြုံကြသွားတယ်။ နအဖလက်အောက်မှာမြန်မာစီးပွားရေးက စနစ်တကျဖွင့်ဖြိုးလာခြင်းမရှိပဲ သန်းရွှေ တေဇ တို့ ရဲ့ လက်ဂါးကြီးအုပ်စီးပွားရေးစနစ်ရဲ့ ဆိုးကျိုးကြောင့် မြန်မာစီးပွားရေးဟာ ခေါင်မိုးခွာ အိမ်တိုင်ကျွတ်စီးပွားရေးဖြစ်သွားတယ်။ တနည်းအားဖြင့်ပြောရရင်လည်း တေဇ က မီလီယံနာ စစ်သားမိန်းမက ဖါ စီးပွားရေး စနစ် ဖြစ်သွားပါပြီ။

## လူပါးဝနေတဲ့ တေဇ

ဇူလိုင်လဆန်းပိုင်းက တံတားဦးလေယဉ်ကွင်းမှာ ညတခေါင်အထိ လေယျဉ် ကမပျံနိုင်ပဲဖြစ်နေတယ်။ လေယဉ်က တစင်းထဲဆိုတော့ လေယျဉ်ကွင်းတကွင်းလုံးက တပ်မတော်သားများ၊ ဝန်ထမ်းများဟာ အိမ်မပြန်နိုင်ဖြစ်နေကြတယ်။ ဒီလေယဉ်က ဘယ်သူကိုစောင့်နေတာလဲလို့ လူတိုင်းကသိခြင်နေကြတယ်။ ညကိုးနာရီခန့် ကြမှ တေဇနဲ့ ဇော်ဂင်းထွတ် နှစ်ယောက် ဝေါက်ရိုက်နေလို့ လေယဉ်ကိုမပျံနိုင်ပဲစောင့်နေကြရတာလို သိရပါတယ်။ မောင်ဂိတ်တို့ ထောင်နန်းစံနေရချိန်မှာ (ကက -တေ ) ဖြစ်တဲ့တေဇကတော့ မော်ကြွားလျက်ပဲရှိနေပါတယ်။ သူရဲ့ အပေါင်းသင်းကတော့ ဇော်ဂင်းထွတ်ဖြစ်ပါတယ်။ ဇော်ဂင်းထွတ်က နိုင်ငံတကာမှာရှိတဲ့ရော့ခ်အဆိုတော်တွေဟာ လူထုဖက်က ရပ်တည်ကြတာများတယ်။ သီချင်းတွေကလည်း လူထုဘဝတွေကိုဖေါ်ထုတ်လေ့ရှိကြတယ်။ ဒါပေမဲ့ မြန်မာပြည်က ရော့ခ် အဆိုတော် ဇော်ဂင်းထွတ်ကတော့ ၈လေးလုံးတုံးလည်းမပါ၊ သံဃာလှုပ်ရှားမှုကိုလည်း စိတ်မဝင်စား၊နာဂျစ်မုန်တိုင်းမှာလည်း ငါကောင်းစားရေးဝါဒကိုပဲ ရှေ့ရှုနေပါတယ်။ အဆိုးဆုံးကတော့ ဇော်ဂင်းထွတ်ဟာ တေဇနဲ မြန်မာတပြည်တပြည်လုံးက ဖါခန်းတွေ အနိပ်ခန်းတွေ မှာ တရှုံးရှုံးဖြစ်လုပ်နေကြတယ်။ ဇော်ဂင်းထွတ် တေဇ။ တေဇနဲ့ ဇော်ဂင်းထွတ် မခြင်ခြင်မှအဆုံးဖြစ်နေတယ်လို့ သိရတယ်။ နှစ်စီးတွဲယဉ်လို တတွဲတွဲဖြစ်နေတဲ့ ဇော်ဂင်းထွတ်နဲ့ တေဇ က သမီးပေးသားမက်ယူစီမံကိန်းကိုပါရေးဆွဲ လျက်ရှိနေတယ်။ တေဇနဲ ပတ်သက်ပြီးဇော်ဂင်းထွတ်က အတော်ကို ပွပေါက်တိုးနေတယ်လို့ သိရတယ်။ ဇော်ဂင်းထွတ်လှုပ်ရှားမှုတွေကို စောင့်ကြည့်ကြလို့ တိုက်တွန်းလိုက်ပါတယ်

**Wednesday, July 16, 2008**

## စစ်တွေတွင် နအဖ စစ်အစိုးရနှင့် ဆက်စပ်မှု ရှိသော အအေးခန်း တချို့ ပိတ်လိုက်ရ

Narinjara News

ရခိုင်ပြည်နယ် စစ်တွေတွင် နအဖ စစ်အစိုးရနှင့် နီးစပ်မှု ရှိသော ပုဇွန် ထုတ်လုပ်သည့် အအေးခန်း တချို့ကို များမကြာခင်က ပိတ်လိုက်ရကြောင်း သတင်းရရှိသည်။
အဆိုပါ ပိတ်လိုက်ရသော အအေးခန်းများမှာ ရွှေသဂၢာနှင့် ရွှေယမုံ အအေးခန်းများ ဖြစ်ပြီး စစ်တွေ ဆတ်ရိုးကျ ချောင်း တဖက်ကမ်းတွင် တည်ရှိသည်။
အဆိုပါ အအေးခန်း နှစ်ခုစလုံးမှာ နစကနှင့် နီးစပ်သူများက ဖွင့်လှစ်ထားသော အအေးခန်း စက်ရုံများ ဖြစ်ပြီး ရွှေသဂၢာ အအေးခန်းမှာ ဗိုလ်ချုပ် ရွှေမန်းသား ပိုင်ဆိုင်သော ပုဇွန်ထုတ်လုပ်သည့် အအေးခန်း ဖြစ်ကြောင်း စစ်တွေက လာသော သတင်းများ အရ သိရှိရသည်။
အမေရိကန် အစိုးရမှ မြန်မာ့ နိုင်ငံအား စီးပွားရေး ပိတ်ဆို့ ဒဏ်ခတ် အရေး ယူပြီး နောက်ပိုင်း စစ်အစိုးရနဲ့ စီးပွားရေး လုပ်ကိုင်နေသော နိုင်ငံခြား ကုမ္ပဏီများ အနေဖြင့် အမေရိကန် ဘဏ်များနှင့် ငွေလွှဲပြောင်း လုပ်ရာတွင် ပြဿနာများ ပေါ်ပေါက်လာရာမှ ယခုကဲ့သို့ စစ်အစိုးရနှင့် နီးစပ်သော အအေးခန်းများ ပိတ်သွားခြင်း ဖြစ်ကြောင်း စစ်တွေ စီးပွားရေး သတင်းရပ်ကွက်က ဆိုသည်။
အမည်မဖော်လိုသူ စီးပွားရေး သမားတဦးက "အဓိကတော့ သူတို့ တင်ပို့နေတဲ့ ပုဇွန်တွေကို စင်္ကာပူက လက်မခံတော့ သူတို့ စက်ရုံတွေကို ပိတ်ဖို့ ဖြစ်သွားတာပါ။ အရင်ကတော့ သူတို့ အအေးခန်းက ထုတ်လုပ်တဲ့ ပုဇွန်တွေကို စင်္ကာပူကို တင်ပို့ခဲ့ကြတာပါ၊ နောက်ပိုင်းတော့ အမေရိကန် အစိုးရက တင်းတင်းကျပ်ကျပ် စီးပွားရေး ပိတ်ဆို့မှုတွေ လုပ်လာတော့ ၁ သူတို့လည်း မြန်မာက ပုဇွန်တွေကို မဝယ်ရဲတော့ ခုလို နအဖ စစ်အစိုးရ ဆွေမျိုးတွေ ပိုင်ဆိုင်တဲ့ စစ်တွေက အအေးခန်းတွေ ပိတ်သွားရတာပါ၊ " ဟု ပြောသည်။
အအေးခန်းများ ပိတ်သွားသဖြင့် အဆိုပါ အအေးခန်း စက်ရုံနှစ်ရုံတွင် အလုပ် လုပ်ကိုင်နေသော အလုပ်သမား ၂၀၀ ခန့်မှာ အလုပ်လက်မဲ့ ဖြစ်သွားခဲ့သည်။
အလုပ်သမားများအား လုပ်ခ သုံးလစီပေးပြီး အလုပ်မှ ဖြုတ်ပစ်ခဲ့ကြောင်း အဆိုပါ စက်ရုံတွင် အလုပ် လုပ်ကိုင်ခဲ့သူ တဦးက နိရဥ္စရာသို့ အတည်ပြု ပြောကြားသည်။

## ရန်ကုန်မြို့ ကမာရွတ်ရဲစခန်းအနီး ပစ္စည်းယူ လူသတ်မှု ဖြစ်ပွား

NEJ/၁၆ ဇူလိုင် ၂၀၀၈
ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ် (၈) ရပ်ကွက် လှည်းတန်းလမ်း တိုက်နံပါတ် (၁၀၃) အခန်း (A) မြေညီထပ်တွင် ပစ္စည်းယူ လူသတ်မှုတခု ဖြစ်ပွားခဲ့သည်။
အခင်းဖြစ်ပွားသည့်နေရာမှာ ရန်ကုန်မြို့ ကမာရွတ်ရဲစခန်းအနီးရှိ ရွှေမှုဆယ် အပ်ချုပ်လုပ်ငန်းနှင့် အထည်အလိပ် လက်လီလက္ကား အရောင်းဆိုင်တွင်ဖြစ်ပြီး သေဆုံးသူမှာ ဆိုင်ပိုင်ရှင် ဒေါ်လှမြင့် အသက် (၅၆) နှစ်ဖြစ်သည်။
ယခုလ (၁၄) ရက် နံနက် (၉) နာရီခန့်တွင် ဆိုင်အလုပ်သမားများက ဆိုင်ကိုလာသည့်အခါ ဆိုင်မဖွင့်သေးဘဲ ရှိနေသည့်အတွက် အတွင်းသို့ ဝင်ရန် ဆိုင်အနီးအနားရှိ လူများကို ခေါ်၍ ဖွင့်ခဲ့ရာတွင် ဒေါ်လှမြင့်ကို လက်နောက်ပြန် ကြိုးတုတ်ကာ ပါးစပ်တွင် အဝတ်စည်း နှောင်ရက် သားဖြင့် သေဆုံးနေသည်ကို တွေ့ရကြောင်း ဆိုင်အနီးနားမှ

မျက်မြင်တဦးက ပြောသည်။

တရုတ်လုပ် ဗီစီဒီစက်တလုံး၊ ငွေ (၁) သိန်း၊ ဆွဲကြိုး (၁) ကျပ်သား တကုံး၊ အဝတ်အထည်များ ပျောက်ဆုံးသွားကြောင်း သေဆုံးသူနှင့် ဆွေမျိုးတော်စပ်သူတဦးက ထွက်ဆိုကြောင်း ရဲက စစ်ချက်ရရှိသည်ဟု ကမာရွတ်ရဲစခန်းမှ အမှုလိုက် ဒု- ရဲအုပ်ဖြစ်သူက ပြောသည်။

အဆိုပါအခန်းတွင် ဒေါ်လှမြင့်သည် တယောက်တည်း အိပ်ကြောင်း၊ အမှုကို (ပ) ၁၅၄/ ၂၀၀၈ ပုဒ်မ ၃၀၂/ ၃၉၄ ဖြင့် အမှုဖွင့်ထားကြောင်း၊ တရားခံကို ယခုထိ သဲလွန်စ မရသေးကြောင်း သိရသည်။

အခင်းဖြစ်ပွားရာ နေအိမ်အနီး နေထိုင်သူတဦးက "သေမှုသေခင်း ဖြစ်တဲ့နေရာဟာ လူစည်ကား ရာ လှည်းတန်းလမ်းမ ဖြစ်ပြီး လှည့်ကင်းတွေ ညစဉ်ကင်းလှည့်နေတဲ့ နေရာလေ။ တိုက်ခန်းကို လူဝင်သတ်ဖြတ်သွားတဲ့ကိစ္စက အတွင်းလူ ဒါမှမဟုတ် ရပ်ကွက်က အာဏာပိုင်အချို့ ပါဝင်နိုင် တယ်" ဟု ပြောသည်။

လူသတ်မှု ဖြစ်ပွားရာနေရာမှာ လှည်းတန်းကျောင်းရှေ့မှတ်တိုင် အရှေ့နားတွင် ရှိပြီး ရဲစခန်းနှင့် ဘတ်စ်ကားမှတ်တိုင် တမှတ်တိုင်အကွာခန့်သာ ဝေးသည် ရန်ကုန်မြို့တွင် မုန်တိုင်းမတိုက်မီ ကတည်းက စားဝတ်နေရေး ကျပ်တည်းမှု၊ ငွေဖောင်းပွမှု စသည်တို့ကြောင့် ရာဇဝတ်မှုများ မကြုံစဘူး များနေရာ မုန်တိုင်းလွန်ကာလတွင် ယခုကဲ့သို့ လူသတ်မှုများပါ တိုးလာခြင်းဖြစ်သည်။

မကြာခင်ကလည်း ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းရွာတွင် ဘဲဥ အလုံး (၅၀) အတွက် ဓားပြ တိုက်သွားသည်မှာ ပြည်သူများ မုန်တိုင်းလွန်ကာလ စားဝတ်နေရေး ကျပ်တည်းမှုကို ပြနေ သည်ဟု ရန်ကုန်မြို့ခံတဦးက ပြောသည်။

ပြီးခဲ့သည့် မတ်လ (၃) ရက် ညပိုင်း၌လည်း အဆိုပါ မာရွတ်မြို့နယ် အမှတ် (၉) ရပ်ကွက် စိမ်းလဲ့ ကန်သာလမ်းတွင် နေထိုင်သူ ဦးချာလီ၊ ဒေါ်စန်းစန်းမြင့်၊ သမီးတူမများဖြစ်သည့် မမြစန္ဒာ၊ မနှင်း ပွင့်အေးနှင့် အိမ်ဖော် မအယ်ဖောတို့ (၅) ဦးအား ဦးခေါင်းကို သေနတ်ဖြင့် ပစ်သတ်ခဲ့သည့် လူသတ်မှုဖြစ်ပွားခဲ့ပြီး တရားခံကို ယခုတိုင် ဖော်ထုတ်နိုင်ခြင်း မရှိသေးပေ။

နေပြည်တော် ပြည်ထဲရေး ရဲအရာရှိတဦးက အဆိုပါ (၅) လောင်းပြိုင် လူသတ်မှုကို ပြီးခဲ့သည့် မေလ နောက်ဆုံးထား ဖော်ထုတ်မည်ဟု ပြောကြားခဲ့ဖူးသည်။